# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 28 , 2025 Volume 86 , Number 20


| ၂၈ . ၁. ၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၉၀.၆၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၃.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၃.၇၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၃.၂၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၆၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၂၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၈.၀၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၉၆ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ကွမ်းသီးခြောက်များ ဈေးကောင်းရရှိ



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ယခုနှစ်ပွင့်လင်းရာသီ၌ ကွမ်းသီးခြောက်အထွက်နည်းပါး၍ ကွမ်းသီးများ ဈေးကောင်းရရှိနေကြောင်း ဒေသခံ ကွမ်းသီးစိုက်ခြံရှင်များထံကသိရသည်။ မြိတ်မြို့နယ်တွင် ယခင်မိုးရာသီအချိန်က တရုတ်နိုင်ငံမှ ကွမ်းသီးနုများကို ဈေးကောင်းဝယ်ယူသည့်အတွက် ခြံရှင်များက ကွမ်းသီးနုများကို ခူးဆွတ်ရောင်းချခြင်းများပြားခဲ့သည်။ ယခုနှစ်တွင် ကွမ်းသီးအထွက်နည်းပါးသလို ဈေးကွက်အတွင်း ကွမ်းသီးခြောက် အဝင်နည်းပါးသည့်အတွက် ဝယ်လိုအားနှင့်ရောင်းလိုအား မမျှသောကြောင့် ကွမ်းသီးခြောက်များ ဈေးကောင်းရရှိနေကြောင်း သိရသည်။ ယခုနှစ်ပွင့်လင်းရာသီတွင် မြိတ်ဒေသဈေးကွက်အတွင်းသို့ ကွမ်းသီးခြောက်များ အဝင်နည်းပါးသည့်အတွက် ကွမ်းသီးခြောက်များ ဈေးမြင့်တက်ကာ ဈေးကောင်း ရရှိနေခြင်းဖြစ်ကြောင်းနှင့် ယခင်နှစ်များက တနင်္သာရီမြို့နယ်ဘက်မှ ထွက်ရှိသော ကွမ်းသီးများ မြိတ်ဒေသဈေးကွက်အတွင်းသို့ ဝင်ရောက်လာသော်လည်း ယခုနှစ်တွင်း တနင်္သာရီမြို့နယ်ဘက်မှ ကွမ်းသီးခြောက်များ ဝင်ရောက်မှုနည်းပါးကြောင်း သိရသည်။ မြိတ်မြို့နယ်တွင် ယခင်နှစ် ဇွန်၊ ဇူလိုင် ကွမ်းသီးနုပေါ်ချိန်၌ ကွမ်းသီးနုများကို တရုတ် ဝယ်လက်များက ဈေးကောင်းပေးဝယ်ယူမှုများခြင်းကြောင့် ဒေသခံကွမ်းသီးစိုက် တောင်သူများက ကွမ်းသီးခြောက်သည့်အချိန်ထိမစောင့်ဘဲ ခူးဆွတ်ရောင်းချခဲ့သဖြင့် ယခုနှစ် ပွင့်လင်းရာသီအချိန် ကွမ်းသီးခြောက်များအထွက်နည်းပါး၍ ဈေးကွက်အတွင်းတွင် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း ဒေသခံဥယျာဉ်ခြံစိုက် တောင်သူများထံမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကွမ်းသီးများကို ရေဖြူ၊ လောင်းလုံး၊ သရက်ချောင်း၊ ပုလော၊ မြိတ်၊ တနင်္သာရီ၊ ကျွန်းစု၊ ဘုတ်ပြင်းစသည့်မြို့နယ်များ၌ အဓိက စီးပွားဖြစ်

စိုက်ပျိုးလုပ်ကိုင်ပြီး တနင်္သာရီနှင့်ဘုတ်ပြင်းမြို့နယ်တို့တွင် ယခင်နှစ်များက ကွမ်းသီးအထွက်နှုန်းများပြားကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

https://myantrade.gov.mm/article/naypyitaw_2712025_1115

## မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ဆားထမ်းအလုပ်သမားရှားပါးမှုကြောင့် ယခုနှစ် နေလှန်းဆားရာသီ၌ ဆားထုတ်လုပ်မှုလျော့ကျနိုင်ဟုဆို



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ဆားထမ်းအလုပ်သမား ရှားပါးမှုကြောင့် ယခုနှစ် နေလှန်းဆားရာသီ၌ ဆားက ထုတ်လုပ်မှု လျော့ကျနိုင်ကြောင်း ယင်းဒေသအတွင်းရှိ ဆားတောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

ပုံမှန်ရာသီဥတုကောင်းမွန်ပြီး၊ အနည်းဆုံး ဆားထမ်းအလုပ်သမား ၁၅ ဦးဖြင့် နေလှန်းဆားကျုံးသည့် လုပ်ငန်းလုပ်ဆောင်ပါက ဆားတစ်ရာသီလျှင် ဆားကျုံးရသည့်အကြိမ်ရေ ၁၅ ကြိမ်မှ ၁၇ ကြိမ် ခန့်အထိရှိသော်လည်း၊ ဆားထမ်းအလုပ်သမား နည်းပါးနေပြီး၊ ဆားထမ်းသည့် ရက်ကြာသည့်အတွက်ကြောင့် ဆားထုတ်လုပ်မှု လျော့ကျနိုင်ကြောင်း ပငကျေးရွာမှ ဆားတောင်သူတစ်ဦးက ပြောကြားသည်။

၎င်းကဆက်လက်ပြီး “သဘောက ပုံမှန် ၁၂ ရက်တစ်ခါ၊ ၁၄ ရက်တစ်ခါ ဆားကျုံးလေ့ရှိတယ်။ အရင်က ဆားထမ်းအလုပ်သမား ၁၅ ယောက်လောက်နဲ့ နေလှန်းဆားကျုံးမယ်ဆိုရင် တစ်ရက်ခွဲ၊ နှစ်ရက်လောက်ကြာတယ်ဆိုရင်၊ အခု ဆားထမ်းတဲ့ အလုပ်သမားက ငါးယောက်လောက်ပဲရှိတော့ ဆားထမ်းတဲ့ရက်က အနည်းဆုံးသုံးရက်လောက်ကြာသွားတယ်။ အဲဒီတော့ ဆားထမ်းရတဲ့ရက်ကတိုးသွားတော့ ဆားထုတ်လုပ်ရတဲ့ရက်ကပိုသွားတယ်။ ဆားကျုံးရတဲ့အကြိမ်အရေအတွက်က နည်းသွားတဲ့သဘောပါပဲ”ဟု ပြောကြားသည်။

ထို့ပြင် လတ်တလော ရာသီဥတုက နေ့ဘက်တွင် နေအပူရှိန်သိပ်မပြင်းသေးသည့်အပြင် ညဘက်တွေမှာလည်း အအေးပိုနေသည့်အတွက်ကြောင့် နေလှန်းဆားထုတ်လုပ်ရာတွင်လည်း နှောင့်နှေးမှုများဖြစ်ပေါ်စေကြောင်းလည်း ၎င်းတောင်သူကဆိုသည်။

ဆားထမ်းသည့်အလုပ်သမားများအနေဖြင့်လည်း အကြောင်းအမျိုးမျိုးကြောင့် ခရီးသွားလာရန် အခက်အခဲများ ရှိသည့်အပြင်၊ နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည့်အတွက်ကြောင့် ဆားထမ်းသည့်အလုပ်သမားများ လျော့နည်းသွားခြင်းဖြစ်ကြောင်းလည်း ဆားတောင်သူများ၏ ပြောကြားချက်များအရသိရသည်။ တချို့သော ဆားထမ်း အလုပ်သမားများအနေဖြင့်လည်း ဆားတောင်သူများထံမှ ကြိုငွေများရယူပြီးမှ လုပ်ငန်းခွင်သို့ မလာကြတော့သည့် အလုပ်သမားများလည်း ရှိနေကြကြောင်းလည်း ဆားတောင်သူများကဆိုကြသည်။ ထို့ပြင် မွန်ပြည်နယ်၊ ရေးမြို့နယ်အတွင်းရှိ နေလှန်းဆား လုပ်ငန်းများ လုပ်ကိုင်နေကြသည့် နှစ်ကရင်၊ ပလိုင်ကီး၊ အဘော် အစရှိသည့် ကျေးရွာများအတွင်းတွင်လည်း နေလှန်းဆား ထုတ်လုပ်သည့် လုပ်ငန်းများ ရပ်နားထားရကြောင်းလည်း ယင်းဒေသခံတောင်သူများထံမှ သိရသည်။

မွန်ပြည်နယ်အတွင်း နေလှန်းဆားထုတ်လုပ်မှုလုပ်ငန်းများအား မိုးရာသီအကုန် စက်တင်ဘာလလယ်ခန့်တွင် စတင် လုပ်ကိုင်ကြပြီး၊ ဒီဇင်ဘာလနှင့်ဇန်နဝါရီများတွင် ဆားကြမ်းစတင် ထုတ်လုပ်ကြလေ့ရှိကြောင်း သိရသည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပငကျေးရွာတွင် ဆားကွင်းဧကပေါင်း ၂၉၀၀ ခန့်ရှိပြီး၊ ရာသီဥတုမဖျက်ပါက ပုံမှန်အားဖြင့် ဆားပိဿာချိန် သိန်း ၃၀၀ ခန့်ထွက်ရှိကြောင်း၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း ပငကျေးရွာအပြင် ကျိုက္ခမီ၊ စက်စဲနှင့်

ဝဲကလောင်းကျေးရွာတို့တွင်လည်း ဆားလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း၊ ထို့ပြင် ရေးမြို့နယ်နှင့်ပေါင်မြို့နယ်များ အတွင်းလည်း နေလှန်းဆားလုပ်ငန်းများရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/299724

## တင်ပို့၊ တင်သွင်း ကုန်ပစ္စည်းများအပေါ် ဈေးကွက်ငွေလဲနှုန်းဖြင့် အခွန်ကောက်ခံမည့်အမိန့်အား ပယ်ဖျက်လိုက်ပြီး ရည်ညွှန်းငွေလဲနှုန်း တစ်ဒေါ်လာကျပ် ၂၁၀၀ ကို အခြေခံသည့်အပတ်စဉ် နိုင်ငံခြားငွေလဲနှုန်းဖြင့် အခွန်ပြောင်းလဲကောက်ခံမည်

တင်ပို့၊ တင်သွင်းသည့် ကုန်ပစ္စည်းများအပေါ် ဈေးကွက်ငွေလဲနှုန်းဖြင့် အခွန်ကောက်ခံမည့်အမိန့်အား ပယ်ဖျက်လိုက်ပြီး ရည်ညွှန်းငွေလဲနှုန်း တစ်ဒေါ်လာကျပ် ၂၁၀၀ ကို အခြေခံသည့်အပတ်စဉ်နိုင်ငံခြား ငွေလဲနှုန်းဖြင့် အခွန်ပြောင်းလဲ ကောက်ခံမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၅ ဖြင့် ထုတ်ပြန်ထားသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အဆိုပါအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၇-၁၂-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၀/၂၀၂၄ ဖြင့် တင်သွင်း၊ တင်ပို့သည့် ကုန်ပစ္စည်းများအပေါ် အကောက်ခွန်ဦးစီးဌာနက မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်လျက်ရှိသည့် ဈေးကွက်ငွေလဲလှယ်နှုန်း (Market Trading Rate) ကို အခြေခံသည့် အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) ဖြင့် အခွန်စည်းကြပ်ကောက်ခံမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ယခုအခါ တင်သွင်း၊ တင်ပို့သည့် ကုန်ပစ္စည်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ် ထုတ်ပြန်လျက်ရှိသည့် ရည်ညွှန်းငွေလဲလှယ်နှုန်း (Reference Rate) ကို အခြေခံသည့် အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) ဖြင့် အခွန်စည်းကြပ်ကောက်ခံမည်ဖြစ်သည်။


စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၇-၁၂-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၀/၂၀၂၄ ကို ယခုအမိန့် ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။ ယခုအမိန့်ကြော်ငြာစာသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ စတင်၍ အကျိုး သက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်(၉၀/၂၀၂၄)အရ အကောက်ခွန်ဦးစီးဌာနသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ တင်သွင်း၊တင်ပို့သည့် ကုန်ပစ္စည်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်လျက်ရှိသော ဈေးကွက်ငွေလဲလှယ်နှုန်း (Market Trading Rate) ကို အခြေခံသည့် အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) ဖြင့် အခွန်စည်းကြပ်ကောက်ခံခဲ့သည်။

ယခုအခါ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ယခင်ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၂၄)ကို ပယ်ဖျက်ပြီး အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၅)ဖြင့် ထုတ်ပြန်ခဲ့သည်။ အဆိုပါအမိန့် ကြော်ငြာစာအရ တင်သွင်း၊ တင်ပို့သည့် ကုန်ပစ္စည်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်လျက်ရှိသော ရည်ညွှန်းငွေလဲလှယ်နှုန်း (Reference Rate) ကို အခြေခံသည့် အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) ဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ပြောင်း လဲအသုံးပြုလျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/299708

## စပါးဈေးကျဆင်းနေပြီး ကုန်သည်နှင့် စက်ပိုင်များက ဝယ်ယူမှု ယာယီရပ်ထား




စပါးဈေးကွက် ကျဆင်းလာနေတဲ့အပြင် ကုန်သည်နဲ့ဆန်စက်ပိုင်တွေက ဝယ်ယူမှုယာယီရပ်ထားတဲ့အထိ ဖြစ်နေတယ်လို့ တောင်သူတွေနဲ့ ဆန်စက်တွေဆီကသိရပါတယ်။

လက်ရှိပြည်တွင်းမှာ ပြည်ပကိုတင်ပို့နေတဲ့ ဆန်အမျိုးအစားတွေ ဈေးကျခြင်းကြောင့် ဆန်အဝယ်ရပ်နားထားတဲ့အတွက် စပါးဈေးကျပြီးအဝယ်ရပ်ခြင်း၊ လျှပ်စစ်မီးမမှန်မှုကြောင့် ဆန်စက်တွေ မလည်ပတ်နိုင်တဲ့အတွက် စပါးတွေ ဝယ်ယူမှုရပ်နားထားခြင်း စတဲ့အခြေအနေတွေကြောင့် ကုန်သည်ကြီးတွေနဲ့ ဆန်စက်ပိုင်တွေက စပါးဝယ်ယူမှုရပ်နားလာကြတာဖြစ်တယ်လို့ သိရပါတယ်။

"ဆန်စက်တွေမှာ စပါးတွေကပုံနေပြီ။ ထားစရာနေရာမရှိတော့ဘူး။ ဂိုဒေါင်တွေရောအပြည့်ဆိုတော့ စပါးအဝယ်ရပ်ထားရတယ်။ ဈေးကလည်းခုရက်ပိုကျလာတယ်။ အရင်က ငွေတိုးရင် ၂၂ သိန်းကျော်တွေက အခု ၁၉ သိန်းလောက်ပဲကြားတယ်။ ဒါတောင်အဝယ်ကမရှိဘူး" လို့ ပဲခူးတိုင်းဒေသကြီးအတွင်း ဆန်စက်ပိုင်ရှင်တစ်ဦးက ပြောပါတယ်။

ဒါကြောင့် ယခင်နှစ် မိုးစပါးအဟောင်းတွေလည်း ဈေးကျပြီး ဝယ်လက်ပျောက်နေသလို ယခုနှစ် မိုးစပါးအသစ်တွေလည်း ဈေးတန်းကျပြီး ဝယ်လက်ပျောက်နေတယ်လို့သိရပါတယ်။ လက်ရှိမှာ စပါးဈေးကွက်မှာ ပြည်တွင်းစားသုံးမှုရှိသလို ပြည်ပတင်ပို့မှုလည်းရှိတဲ့ ကရင်မ၊ ငွေတိုးရင်၊ နံ့ကောက်၊ မှော်ဘီ၊ GW t11 အပါအဝင် ယခုနှစ်မိုးစပါးအသစ် တင်း ၁၀၀ ကို ၁၅ သိန်းဝန်းကျင်မှ ၁၉ သိန်းကျော်သာ ဈေးရှိတယ်လို့ သိရပါတယ်။

"စပါးအစိုအခြောက်အပေါ်လိုက်ပြီး ဈေးကွာတယ်။ အရင်ရက်ကငွေလိုလို့ ထုတ်ရောင်းတာ ရှုံးတယ်ပြောရမယ်။ ၁၉ သိန်းခွဲပဲရတယ်။ အဲဒါစက်အရောက်ပို့ပေးရတဲ့ဈေးပါ။ စက်အရောက်ဆိုတော့ အလုပ်သမားခ၊ ကားခထပ်ကုန်သေးတယ်။ နေလှန်းထည့်ထားတာဆိုတော့ စပါးအလျော့တွက်ခရှုံးသေးတယ်" လို့ တောင်သူတစ်ဦးကပြောပါတယ်။

ဧရာဝတီတိုင်းကထွက်ရှိတဲ့ ပေါ်ဆန်းစပါးကလည်း အရင်က သိန်း ၃၀ ကျော်ရှိပေမဲ့လက်ရှိမှာ ၂၇ သိန်း လောက်သာ ဈေးရှိပြီး အဝယ်အေးတယ်လို့သိရပါတယ်။ ရွှေဘိုပေါ်ဆန်းစပါးနဲ့ မကွေးတိုင်းဒေသကြီး၊ စလင်းနဲ့ကုန်းဖောင်းကထွက်တဲ့ ဧရာပဒေသာစပါးတွေကတော့ ယခုလထဲမှာ စတင်ရိတ်သိမ်းနေကြပြီး ယခင်နှစ်လက်ကျန် ဧရာပဒေသာအဟောင်းက ၃၅ သိန်းလောက်ဈေးပေါက်ပေမဲ့ ဝယ်ယူသူမရှိဘူးလို့သိရပါတယ်။

ဒါကြောင့် စပါးလက်ဝယ်သိုလှောင်ထားတဲ့ တောင်သူအချို့ကတော့ ဆန်ကြိတ်ခွဲပြီး ကိုယ်တိုင်ဖြန့်ဖြူး ရောင်းချလာကြပါတယ်။ စပါးဈေးကွက်ကျဆင်းနေတာကြောင့် သိုလှောင်ထားတဲ့ တောင်သူတွေမှာ အရှုံးတွေနဲ့ရင်ဆိုင် နေကြရပါတယ်။ ငွေကြေးပြည့်စုံတဲ့ တောင်သူတွေကတော့ စပါးတွေကိုဆက်ပြီး သိုလှောင်ထားကာ ဈေးပြန်မြင့်တက် လာမဲ့အချိန်ကို စောင့်နေကြပါတယ်။

ယခုနှစ် မိုးစပါးစိုက်ပျိုးမှုမှာ အချိန်အခါမဟုတ် မိုးရွာသွန်းမှုတွေအပါအဝင် သဘာဝဘေးကြောင့် စိုက်ခင်းတွေ ရေကြီးနစ်မြုပ်မှုခံခဲ့ရတဲ့အတွက် စပါးစိုက်ခင်းအများအပြားပျက်စီးခဲ့ပြီး စပါးအထွက်နှုန်း သိသိသာသာ လျော့ကျခဲ့ပါတယ်။

**Source: AMIA**

**Myanma Awba**

## ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍သိရသည်။ ကျုံပျော်မြို့နယ်တွင် ဇန်နဝါရီလ ပထမပတ်ကစတင်ပြီး ယနေ့ထိ ပဲလွမ်းဖြူများဝယ်ယူမှု အားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းလာခြင်းသည် ဒေသထွက်ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။ "ဒေသထွက် ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။

အခုလ ပထမပတ်လောက်ကနေပြီး သိသိသာသာကို အဝယ်လိုက်လာတာဖြစ်ပါတယ်။ ဒေသထွက် ပဲလွမ်းဖြူတွေကို ရန်ကုန် ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပဲအထွက်နည်းလာတာနဲ့ အဝယ်လိုက်ပြီး အရောင်းသွက်နေတာဖြစ်ပါတယ်။ လက်ရှိဒေသမှာတော့ ပဲလွမ်းဖြူအသစ်တွေ သိပ်မထွက်သေးပါဘူး"ဟု ကျုံပျော်မြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်က ပြောပြသည်။ ကျုံပျော်မြို့နယ်တွင် ပဲလွမ်းဖြူ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ကျပ် ၁၅၇,၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါ ဒေသမှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိပြီး ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်း၊ စပါး၊ ဆန်စသည့် ရာသီထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

https://myantrade.gov.mm/article/naypyitaw_2812025_1115

## ပြည်ပဆန်တင်ပို့မှုအနေဖြင့် လျာထားချက်ထက် ပိုမိုတင်ပို့နိုင်မည်ဟု MRF ပြော




ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၂ သန်းခွဲ တင်ပို့ရန်လျာထားပြီး ယင်းထက် ပိုမို တင်ပို့နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF) နှစ်ပတ်လည်အစည်းအဝေးနှင့် အထွေထွေညီလာခံတွင် ထုတ်ပြန်သည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ၂၀၂၄ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆန်တင်ပို့မှုအနေဖြင့် ယခုဘဏ္ဍာနှစ် ဧပြီလမှဒီဇင်ဘာလ အထိ ၉ လအတွင်း တန်ချိန် ၂ သန်းကျော် တင်ပို့မှုမှ ဒေါ်လာသန်း ၉၅၀ ခန့်အထိ ရရှိထားကြောင်း၊ ထို့ပြင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှဒီဇင်ဘာလကုန်အထိ တစ်နှစ်အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၂ ဒသမ ၇၆၇ သန်းတင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၃၃၂ ဘီလီယံရရှိခဲ့ကြောင်းလည်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်း (တစ်လလျှင် တန်ချိန် ၂ သိန်းကျော်) တင်ပို့ရန် လျာထားသော်လည်း ဘဏ္ဍာနှစ်အစ လေးလဆက်တိုက် တင်ပို့မှုလျော့ကျခဲ့ကြောင်း၊ သို့သော် ပို့ကုန်ရငွေ ၇၅ ရာခိုင်နှုန်းအထိ လွတ်လပ်စွာရောင်းဝယ်ခွင့်ပြုခဲ့သည့် ၂၀၂၄ ခုနှစ် ဩဂုတ်လမှ စတင်ပြီး လစဉ်တင်ပို့ရမည့် ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ သိန်းကျော် တင်ပို့နိုင်ခဲ့ပြီးနောက် ငါးလဆက်တိုက် လျာထားချက်ပြည့်မီခဲ့ကြောင်း သိရသည်။

**Source: Popular News Journal**

## ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ကုလားပဲများ အရောင်းအဝယ်ကောင်းမွန်နေ

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ကုလားပဲများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။ ကျောင်းကုန်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိကုလားပဲများ အဝယ်လိုက်လာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ကုလားပဲများ တစ်ပတ်လျှင် ၁၆ ပြည်ဝင် အိတ်ရေ ၃၅၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကုလားပဲတွေက အရင်ထက် တော်တော်လေး အရောင်းအဝယ်ဖြစ်လာပါတယ်။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ ကုလားပဲတွေက ဆောင်းကာလကျန်တဲ့ပဲ အဟောင်းတွေပါ။ အရောင်းအဝယ်ကောင်းလာတော့ ပဲလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာတာတွေ့ရပါတယ်။ လက်ရှိဒေသထွက်ပဲတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက် ကပါ ဝယ်ယူမှုအားကောင်းလာတာပါ"ဟု ကျောင်းကုန်းမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ကုလားပဲများအပါအဝင် အခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကုလားပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ကျပ် ၁၆၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျောင်းကုန်း မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ထံမှ သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## တရုတ်နိုင်ငံသည် ပြည်ပမှစားသောက်ကုန်ထုတ်လုပ်သူများအတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ လိုအပ်ချက်များကို ပြန်လည်ပြင်ဆင်သွားရန်ရှိ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်တွင် တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့(GACC)သည် ပြည်ပမှ တင်သွင်းသည့် စားသောက်ကုန်ထုတ်လုပ်သူများ မှတ်ပုံတင်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းမျဉ်းများ (GAC Decree 248)၏ ပြင်ဆင်ချက်မူကြမ်းကို ထုတ်ပြန်ခဲ့ကြောင်းနှင့် တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)သို့လည်း မူကြမ်းကို G/SPS/N/CHN/1324 ဖြင့် အသိပေး အကြောင်းကြားထားကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ တင်ပို့လိုသည့် ပြည်ပမှစားသောက်ကုန်ထုတ်လုပ်သူများအားလုံးသည် GACC ၌ မှတ်ပုံတင်ရန် လိုအပ်သည့် GACC Decree 248 ကို ၂၀၂၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့ကြောင်း၊ သုံးနှစ်ကြာ အကောင်အထည်ဖော်ပြီးနောက် GACC သည် လက်တွေ့စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် ပြည်ပမှထုတ်လုပ်သူများအတွက် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်၏ ထိရောက်မှုကို မြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် အဆိုပါကြေညာချက်ကို ပြုပြင်ပြောင်းလဲရန်နှင့် ပိုမိုကောင်းမွန်အောင်ပြုလုပ်ရန် လိုအပ်သည့် အချက်များကို သတ်မှတ်ခဲ့ကြောင်းသိရသည်။

အထူးသဖြင့် မူကြမ်းတွင် ပြည်ပမှ စားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံများ မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းမျဉ်းအသစ်ကို မိတ်ဆက်ထားကြောင်း၊ ထုတ်လုပ်သည့်စက်ရုံ၏ ပင်ရင်းနိုင်ငံ (ဒေသ)ရှိ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များသည် GACC ထံမှ အသိအမှတ်ပြုမှု ရယူရမည့်စနစ်ဖြစ်ကြောင်း သိရသည်။

ဤစနစ်သစ်အရ အသိအမှတ်ပြုထားသည့်နိုင်ငံများ(ဒေသများ)မှ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များသည် GACC သို့ ထုတ်လုပ်သူစာရင်းကို ထောက်ခံတင်ပြရမည်ဖြစ်ကာ ဤထောက်ခံချက်များကို လက်ခံရရှိပြီးနောက် GACC သည် ပေးပို့လာသောလုပ်ငန်းများကို မှတ်ပုံတင်မည်ဖြစ်ပြီး ၎င်းတို့အား တရားဝင်မှတ်ပုံတင်နံပါတ်များကို သတ်မှတ်ပေးမည် ဖြစ်ကြောင်း၊ ထုတ်လုပ်သူသည် ၎င်းတို့၏ လျှောက်လွှာများကို တစ်ဦးချင်းစီ GACC သို့ တိုက်ရိုက်တင်သွင်းရန် မလိုအပ်ကြောင်း၊ သို့သော် အသိအမှတ်ပြုထားသောနိုင်ငံများမှ လုပ်ငန်းများသည် ၎င်းတို့၏အချက်အလက်များ (ဥပမာ လုပ်ငန်းအမည်၊

စက်ရုံလိပ်စာနှင့် ဆက်သွယ်ရန်အသေးစိတ်)ကို GACC သို့ တင်ပြသည့်စာရင်းတွင် ထည့်သွင်းဖော်ပြရန် ၎င်းတို့နိုင်ငံရှိ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း သိရသည်။

ယခုအဆိုပြုထားသည့်နည်းလမ်းသည် GACC အမိန့် 248 အရ လက်ရှိဆောင်ရွက်နေမှုနှင့် သိသိသာသာ ကွာခြားကြောင်း၊ GACC အမိန့် 248 သည် တင်သွင်းလာသော စားသောက်ကုန်များကို ၎င်းတို့၏ အစားအစာဘေးကင်းလုံခြုံမှုအဆင့်အပေါ် အခြေခံ၍ “သီးသန့်သတ်မှတ်ထားသည့် အစားအစာများ”(ဥပမာ- နို့၊ အသား၊ ရေထွက်ပစ္စည်းများ [ပုံမှန်အားဖြင့် အန္တရာယ်များသော အစားအစာများအဖြစ် (high-risk foods) ဟု သိကြသော] နှင့် “အခြားအစားအစာများ” (ဥပမာ မုန့်နှင့် အဖျော်ယမကာ)ဟူ၍ မှတ်ပုံတင်ခြင်းကို လမ်းကြောင်းနှစ်မျိုးဖြင့် ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

သို့ရာတွင် အဆိုပြုမူကြမ်း၌ စားသောက်ကုန်ထုတ်လုပ်သည့်စက်ရုံ၏ ပင်ရင်းနိုင်ငံ(ဒေသ) ရှိ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များသည် GACC ၏ အသိအမှတ်ပြုမှုရှိမရှိအပေါ် မူတည်၍ အမျိုးအစားခွဲသည့်စနစ်တစ်ခုကို အဆိုပြုထားကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များသည် တရုတ်နိုင်ငံသို့ အစားအစာတင်ပို့သည့်ကုမ္ပဏီများကို ကြီးကြပ်ကွပ်ကဲရန် ပို၍ တာဝန်ယူရဖွယ်ရှိကြောင်း သိရသည်။

အခြားတစ်ဖက်တွင် အဆိုပါမူကြမ်းသည် ၎င်းတို့၏သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များကို GACC မှ အသိအမှတ်မပြုထားသည့် လုပ်ငန်းများအတွက် စာရွက်စာတမ်းလိုအပ်ချက်များကိုလည်း သတ်မှတ်ဖော်ပြထားကြောင်း၊ ဤလုပ်ငန်းများသည် GACC တွင် ၎င်းတို့ကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားလှယ်မှတစ်ဆင့် မှတ်ပုံတင်ရန် လျှောက်ထားရမည်ဖြစ်ကြောင်း၊ ပါဝင်သော အစားအသောက်အမျိုးအစားအလိုက် စာရွက်စာတမ်းလိုအပ်ချက် ကွဲပြားကြောင်း၊ အထူးသဖြင့် Catalogue of Foods that Require Official Recommendation Registration Letters (“Catalogue”) အောက်ရှိ သတ်မှတ်ထားသော အစားအစာများကို ထုတ်လုပ်သူများသည် ၎င်းတို့၏ ကျွမ်းကျင်သည့်အာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ထားသော တရားဝင်စစ်ဆေးမှု အစီရင်ခံစာများနှင့် ထောက်ခံစာများကို တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မူကြမ်းတွင် အစားအစာ Catalogue ကို မွမ်းမံပြင်ဆင်ရန် အဆိုပြုထားကြောင်း၊ Catalogue တွင် အစိုးရ အသိအမှတ်ပြုမှတ်ပုံတင်ခြင်း ဆောင်ရွက်ရမည့် အန္တရာယ်များသော အစားအစာအမျိုးအစား ၁၁ မျိုးကို ၎င်းတို့၏ သက်ဆိုင်ရာ အန္တရာယ်ရှိမှု အကဲဖြတ်ချက်များနှင့်အတူ စာရင်းပြုစုထားကြောင်း၊ GACC အမိန့် 248 နှင့် နှိုင်းယှဉ်ပါက ကျန်းမာရေး စားအစာများ (အာဟာရဖြည့်စွက်စာများအပါအဝင်)၊ ကိုယ်အလေးချိန်လျှော့ချသည့် အထူးအစားအစာများ၊ လှော်ထားခြင်း ရှိသော ကော်ဖီစေ့များနှင့် ကိုကိုးစေ့များ၊ စားသုံးနိုင်သော အဆီများနှင့်ဆီများ စသည်တို့အပါအဝင် အစားအသောက် ၈ မျိုးသည် လက်ရှိ မှတ်ပုံတင်ခြင်း သတ်မှတ်ချက်များဆောင်ရွက်ရန် မလိုအပ်တော့ကြောင်း၊ ဥပမာအားဖြင့် ယခင်က ကျန်းမာရေးဆိုင်ရာ စားသောက်ကုန်ထုတ်လုပ်သူများသည် အစိုးရမှသတ်မှတ်ထားသော မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို လုပ်ဆောင်ရန်လိုအပ်ပြီး ရှုပ်ထွေးသော လုပ်ထုံးလုပ်နည်းများ ပါဝင်လေ့ရှိကြောင်း၊ ပြန်လည်ပြင်ဆင်ထားသည့် အဆိုပြုချက်အရ ကျန်းမာရေးဆိုင်ရာ စားသောက်ကုန်ထုတ်လုပ်သူများသည် စက်ရုံမှတ်ပုံတင်ခြင်းများကို ၎င်းတို့ကိုယ်တိုင်လုပ်ဆောင်နိုင်မည်ဖြစ်ပြီး လုပ်ငန်းစဉ်ကို များစွာရိုးရှင်းလွယ်ကူစေကာ ဈေးကွက်ဝင်ရောက်မှု ပိုမိုမြန်ဆန်စေပြီး ကုန်ကျစရိတ်များကို လျှော့ချပေးမည်ဖြစ်ကြောင်း၊ GACC ၏ ကြေညာချက်အရ Catalogue ကို လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ထားကြောင်း၊ အာဏာပိုင်အဖွဲ့များကို စားသောက်ကုန်လုပ်ငန်းအတွင်း တိုးတက်ပြောင်းလဲမှုများနှင့် လျင်မြန်စွာလိုက်လျောညီထွေဖြစ်စေရန် စည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် တရားဝင်ကိုယ်စားလှယ်ပြောင်းလဲခြင်း (သို့မဟုတ်) သက်ဆိုင်ရာနိုင်ငံ(ဒေသ)မှ ပေးအပ်သော မှတ်ပုံတင်နံပါတ် ပြောင်းလဲခြင်းကဲ့သို့သော အချို့သောအခြေအနေများတွင် ပြည်ပမှထုတ်လုပ်သူများသည် မှတ်ပုံတင်ခြင်းအတွက် ပြန်လည် လျှောက်ထားရန်လိုအပ်ချက်များ မူကြမ်းတွင်မပါရှိတော့ကြောင်း၊ ယင်းအစား ထိုသို့သောပြောင်းလဲမှုများသည် လုပ်ငန်း၏

သန့်ရှင်းရေးနှင့်အစားအသောက်ဘေးကင်းလုံခြုံရေးအတွက် ထိန်းချုပ်မှုအပေါ် သိသာထင်ရှားသော အကျိုးသက်ရောက်မှု ရှိသည့်အခါမှသာ မှတ်ပုံတင်ခြင်းအတွက် ပြန်လည်လျှောက်ထားရန်လိုအပ်ကြောင်း ဖော်ပြပါရှိသည်ဟုသိရသည်

အရေးကြီးသည့်အချက်မှာ ပြည်ပမှ ထုတ်လုပ်သူများသည် မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ သုံးလမှခြောက်လအတွင်း ၎င်းတို့၏ သက်တမ်းတိုးလျှောက်လွှာတင်ရန် သတ်မှတ်ထားသည့် ပြဋ္ဌာန်းချက်ကို မူကြမ်းတွင် GACC က ပယ်ဖျက်ထားကြောင်း၊ စာတိုက် (သို့မဟုတ်) အမြန်ချောဖြင့်ပို့သော အစားအစာများ၊ နယ်စပ်ဖြတ်ကျော် e-commerce လက်လီရောင်းချသည့် အစားအစာများ၊ ခရီးသွားများသယ်ဆောင်သည့် အစားအစာများနှင့် စားသောက်ကုန်နမူနာများ စသည်တို့အပါအဝင် စက်ရုံမှတ်ပုံတင်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားသော အစားအစာအမျိုးအစားများကိုလည်း ရှင်းလင်းဖော်ပြထား ကြောင်း၊ Decree No. 248 အရ တရုတ်နိုင်ငံသို့ food additive တင်ပို့ရောင်းချသည့် လုပ်ငန်းရှင်များသည် စက်ရုံမှတ်ပုံတင်ရန် မလိုသည့် အချက်သည် ယခုမူကြမ်းတွင်လည်း အတူတူပင်ဖြစ်ကြောင်း သိရသည်။

အားလုံးကို ခြုံငုံကြည့်ပါက အဆိုပြုထားသော အပြောင်းအလဲများသည် ပြည်ပမှတင်သွင်းသည့် စားသောက်ကုန် ထုတ်လုပ်သူများ မှတ်ပုံတင်ခြင်းအတွက် စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများကို ရိုးရှင်းစေပြီး အစားအစာဘေးကင်းရေး ကြီးကြပ်မှု အားကောင်းစေရန် တရုတ်နိုင်ငံ၏ ဆက်လက်ကြိုးပမ်းအားထုတ်မှုများကို အလေးပေးဖော်ပြထားကြောင်း၊ သို့သော် ထပ်မံ ရှင်းလင်းရန် လိုအပ်သည့်ကိစ္စရပ်များလည်း ကျန်ရှိနေသေးကြောင်း၊ ဥပမာအားဖြင့် အသိအမှတ်ပြုမှုစနစ်သစ်ယန္တရားသည် GACC အမိန့် 248 အရ လက်ရှိမူဘောင်နှင့် မည်သို့ပေါင်းစပ်မည်ကို မရှင်းလင်းကြောင်း၊ အဓိကမေးခွန်းတစ်ခုမှာ GACC တွင် မှတ်ပုံတင်ထားပြီးသော ကုမ္ပဏီများသည် အဆိုပြုထားသည့်စနစ်သစ်အရ GACC သို့ ပေးပို့ရမည့် ခွင့်ပြုသည့်စာရင်းတွင် ထည့်သွင်းဖော်ပြပေးရန်အတွက် ၎င်းတို့၏ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း၊ ထိုသို့သော မရှင်းလင်းမှုများသည် လက်ရှိနှင့်အဆိုပြုထားသောစနစ်များအကြား အသွင်ကူးပြောင်းရာတွင် စီးပွားရေးလုပ်ငန်း များအတွက် စိန်ခေါ်မှုများကို ဖန်တီးပေးနိုင်ကြောင်း သိရသည်။

**Source: စီးပွားရေးသံမှူး၊ နန်နင်းမြို့**

https://myantrade.gov.mm/article/npt-27012025430

## တရုတ်နိုင်ငံ၊ ဟူနန်ပြည်နယ်၊ ဟွိုင်ဟွာမြို့သည် အရှေ့တောင်အာရှမှ သစ်သီးများ တင်သွင်းမှုအတွက် Cold Chain Rail Hub ကို ဖွင့်လှစ်လိုက်ပြီဖြစ်

လာအိုနိုင်ငံ၏ မြို့တော် ဗီယင်ကျန်းမှ သစ်သီးများကို တင်ဆောင်လာသော အအေးခန်း ကုန်တင်ရထားသည် တရုတ်နိုင်ငံ၊ ဟူနန်ပြည်နယ်ရှိ Huaihua International Land Port သို့ ဇန်နဝါရီလ ၁ ရက်တွင် ရောက်ရှိလာကြောင်း၊ ၎င်းသည် ဟွိုင်ဟွာမြို့ တွင် အအေးခန်းကွင်းဆက် ရထားလမ်းကြောင်းကို စတင်လည်ပတ်ခဲ့ခြင်းဖြစ်ပြီး ကုန်တင်ကုန်ချမှုနှင့်ဖြန့်ဖြူးမှုလုပ်ငန်း စွမ်းရည်များကို သိသိသာသာ အဆင့်မြှင့်ထားကြောင်း သိရသည်။

Tianhuilong (Hunan) International Trade Company သည် ပထမဆုံးရထားကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်တွင် လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့မှ စတင်ထွက်ခွာခဲ့ကြောင်း၊ ၎က်ပျောသီးများအပါအဝင် လတ်ဆတ်သော သစ်သီးဝလံများကို ဗီယင်ကျန်းမြို့သို့ ကားလမ်းဖြင့်ပို့ဆောင်ခဲ့ပြီး ထိုမှတစ်ဆင့် တရုတ်-လာအို ရထားလမ်းကြောင်းဖြင့် ဟွိုင်ဟွာမြို့သို့ ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါတင်ပို့မှုသည် စုစုပေါင်း ၁၆၉ ဒသမ ၈ မက်ထရစ်တန် အလေးချိန်ရှိသော အအေးခန်း ကွန်တိန်နာ ၈ လုံး၊ တန်ဖိုးအားဖြင့် တရုတ်ယွမ် ၁ ဒသမ ၁၃ သန်း (အမေရိကန်ဒေါ်လာ ၁၅၄,၅၀၀) ကျော်ရှိကြောင်း သိရသည်။

ဒုတိယအကြိမ်တင်ပို့သည့် အအေးခန်းကွန်တိန်နာ ၄၃ လုံးတွင် သစ်သီး မက်ထရစ်တန် ၉၅၀ ခန့် ပါဝင်ကာ Huaihua International Land Port သို့ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် ရောက်ရှိခဲ့ကြောင်း၊ ကွန်တိန်နာများတွင် လာအိုနိုင်ငံမှ

ငှက်ပျောသီးနှင့် ထိုင်းနိုင်ငံမှ လောင်ဂန်သီးများပါဝင်ကာ ထိုင်းနိုင်ငံမှ လောင်ဂန်သီးများကို ဘန်ကောက်မြို့မှ ဗီယင်ကျန်းမြို့သို့ ကားလမ်းဖြင့် ပို့ဆောင်ခဲ့ပြီး ဟွိုင်ဟွမြို့သို့ ရထားလမ်းဖြင့် ငါးရက်အတွင်း အပြီးပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒူးရင်းသီး၊ မင်းဂွတ်သီး၊ နဂါးမောက်သီးနှင့် လောင်ဂန်သီးစသည့် အရှေ့တောင်အာရှမှ သစ်သီးမျိုးစုံကို ပင်လယ်/ရထားလမ်းနှင့် နယ်စပ်ဖြတ်ကျော် ရထားလမ်းများမှတစ်ဆင့် ဟွိုင်ဟွမြို့သို့ ပို့ဆောင်မည်ဖြစ်ကြောင်း၊ ဟွိုင်ဟွမြို့သည် တင်သွင်းလာသော သစ်သီးများကို ပေကျင်း၊ ဟန်ကျိုး၊ ကျန်းကျိုး၊ ရှီအန်းနှင့် ချန်ရှားမြို့ အပါအဝင် အဓိကမြို့ကြီးများသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး သစ်သီးတင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ကုန်သွယ်မှုဗဟိုချက်ဖြစ်လာရန် အဆင်သင့်ဖြစ်နေကြောင်း သိရသည်။

**Source: စီးပွားရေးသံမှူး၊ နန်နင်းမြို့**

https://myantrade.gov.mm/article/npt-327012025430

## STOCK EXCHANGE (28.1.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 28th Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,799 (Shares) | 32,518,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,700 | -200 | -2.53% | 7,900 | 7,900 | 7,700 | 1,103 | 8,532,400 | 33,109,694 | 254,945 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,000 | 1,991 | 5,975,100 | 38,929,150 | 120,680 |
| MCB | 00003 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 34 | 289,000 | 10,400,986 | 88,408 |
| FPB | 00004 | 1,800 | -50 | -2.70% | 1,800 | 1,850 | 1,800 | 4,508 | 8,114,800 | 29,664,613 | 53,396 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,100 | 3,200 | 3,100 | 121 | 385,200 | 12,823,224 | 41,034 |
| EFR | 00006 | 1,600 | -50 | -3.03% | 1,600 | 1,600 | 1,600 | 2,832 | 4,531,200 | 19,977,223 | 31,964 |
| AMATA | 00007 | 4,100 | +0 | +0.00% | 4,000 | 4,100 | 4,000 | 1,010 | 4,041,000 | 10,497,598 | 43,040 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,250 | 3,250 | 3,250 | 200 | 650,000 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 28th Jan. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.86 | -4.20 | -1.10% | 379.97 | 379.97 | 374.35 | 11,799 | 32,518,700 | 8 | 710,833 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 28th Jan. 2025

| Trading Volume | Trading Value |
|---|---|
| 11,899 (Shares) | 32,823,700 (MMK) |

## Main Board

As of 1:00 pm, 28th Jan. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,799 (Shares) | 32,518,700 (MMK) |

| MYANPIX | 376.86 ▼ 4.20 |
|---|---|
| Total Volume (shares) | 11,799 |
| Total Value (MMK) | 33 mil |
| Listed Company | 8 |
| Market Cap. (MMK) | 710,833 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,700 | ▼ 200 |
| MTSH | 00002 | 3,100 | ▲ 0 |
| MCB | 00003 | 8,500 | ▲ 0 |
| FPB | 00004 | 1,800 | ▼ 50 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 4,100 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 50 |

TIR